# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 19, 2024 Volume 84, Number 11


| ၁၉.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၀.၆. ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးဧက ၁၈ သိန်းကျော်စိုက်ပျိုးထား



စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးစပါး ဧက ၁၈ သိန်းကျော်စိုက်ပျိုးထားရာ လတ်တလော ဧက ၁၄,၀၀၀ ကျော်ရိတ်သိမ်းထားပြီးဖြစ်ကြောင်းစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ၁၄ ခရိုင်တွင် ယခုနှစ် မိုးစပါး ၁,၈၀၈,၂၅၇ ဧက လျာထား စိုက်ပျိုးခဲ့ပြီး ယခုအခါ ၁၄,၇၇၅ ဧက ရိတ်သိမ်းပြီးစီးကြောင်း သိရသည်။

" မော်ဘီ ၂၊ ဆင်းဧကရီ ၃၊ ရောမင်း၊ ဆင်းသုခ၊ မနောသုခ၊ ရွှေဘိုပေါ်ဆန်း၊ တောင်ယာစပါး၊ ရက်၉၀၊ ကောက်ညှင်း၊ GW-11၊ ရွှေသွယ်ရင်၊ လုံးသွယ်မွှေး၊ ရွှေရင်အေး၊ YSR-1 မျိုးတွေစိုက်ကြတာပါ။အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပါတယ်" ဟုစစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သူလယ်သမားများ မိုးစပါးစိုက်ပျိုးရာသီတွင်သီးနှံများအောင်မြင်ဖြစ်ထွန်းရေး အတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ သွင်းအားစုများ၊သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကူညီ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ၇၂,၄၁၈ ဧက၊ တမူးခရိုင်တွင် ၄၈,၇၁၆ ဧက၊ ကလေးခရိုင်တွင် ၁၇,၆၆၅၉ ဧက၊ ခန္တီးခရိုင်တွင် ၈၂၇၉ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၆၃,၈၁၄ ဧက၊ နာဂဒေသတွင် ၂၅,၄၂၈ ဧက၊ မုံရွာခရိုင်တွင် ၇၃,၈၆၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၀၂,၈၃၁ ဧက၊ ရွှေဘိုခရိုင်တွင် ၃၄၅,၉၃၁ ဧက၊ ရေဦးခရိုင်တွင်

၂၉၅,၆၁၄ ကေ၊ ကန့်ဘလူခရိုင်တွင် ၁၈၅,၀၅၇ ကေ၊ စစ်ကိုင်းခရိုင်တွင် ၄၃,၈၁၉ ကေ၊ ကသာခရိုင်တွင် ၁၇၃,၁၅၂ ကေ၊ ကောလင်းခရိုင်တွင် ၁၉၂,၆၇၃ ကေ၊ စုစုပေါင်း ၁,၈၀၈,၂ ၅၇ ကေကို မေလဆန်းက စတင်စိုက်ပျိုးခဲ့ ကြောင်း သိရသည်။

မိုးစပါးရိတ်သိမ်းရာတွင် တစ်ကေပျမ်းမျှအထွက်နှုန်း ၆၃ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့် စုစုပေါင်းစပါးတင်းပေါင်း ၉၄,၁၄၀၈ ထွက်ရှိကာ ကျန်ရှိ မိုးစပါးများကို ဇန်နဝါရီလကုန်အထိ ဆက်လက်ရိတ်သိမ်းသွားမည် ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၇၀၀၀ ကျော်လာ



စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ အပတ်စဉ် သတ်မှတ်ထုတ်ပြန်ပေးနေသည့် စားအုန်းဆီအခြေခံ လက်ကား ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာ ၇၀၀၀ ကျော်အထိ မြင့်တက်လာကြောင်း သိရသည်။

နိုဝင်ဘာလဆန်းပိုင်းက စတင်ကာ စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးသည် တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ယခုအခါ တစ်ပိဿာ ၇၀၀၀ ကျော် အထိ မြင့်တက်လာခြင်းဖြစ်သည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးနေခြင်း ဖြစ်သည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါကအရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးထုတ်ပြန်ထားသည်။

**Source : Popular News Journal**

## ကန့်ဘလူမြို့နယ်က ထွက်ရှိသည့် မျှစ်စိမ်း၊ မျှစ်ပြုတ်နှင့် မျှစ်ခြောက်ထွက်ရှိရာဒေသနှင့် ဈေးနှုန်း၊ဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ဂါးတာကျေးရွာ ဆည်ကြီးကျေးရွာ၊ နတ်အင်းကျေးရွာ၊ နတ်ပေးကျေးရွာများတွင် သဘာဝအလျောက်ထွက်ရှိပြီး တောတောင်များကြားတွင် ပေါက်ရောက်သည့် ဝါးပင်ကထွက်ရှိသည့် ဝါးပင်ပေါက် (ခေါ်) မျှစ်များကို ဒေသခံရွာသားများက မျှစ်စိမ်း၊ မျှစ်ပြုတ်နှင့် မျှစ်ခြောက်ဟူ၍ အမျိုးအစားခွဲကာ ရောင်းချကြောင်း သိရှိရပါသည်။

မျှစ်သည် မိုးဦးကျကာလတွင် စတင်ထွက်ပေါ်ပြီး မျှစ်များကို မျှစ်စိမ်းနှင့်မျှစ်ပြုတ်ဟူ၍ ရောင်းချကာ မျှစ်များလိုင်လိုင်ပေါ် ချိန်တွင် အခြောက်လှန်း၍ မျှစ်စိုများရှားပါးလာချိန်တွင် မျှစ်ခြောက်အဖြစ် ပြန်လည်ရောင်းချကြောင်းသိရသည်။

မှျစ်စိမ်းဆိုသည်မှာ ပြုပြင်ထားခြင်းမရှိသောမှျစ်ကိုခေါ်ဆိုကြောင်း၊မှျစ်ပြုတ်ဆိုသည်မှာ မှျစ်ကို ပြုတ်ကာဈေးကွက်အတွင်းသို့ ရောင်းချသည့်မှျစ်ဖြစ်ကြောင်းနှင့်မှျစ်ခြောက်မှာမှျစ်များကိုပြုတ်၍ရေစစ်ကာအလွှာလေးများပါးပါးလှီး၍ဖျာများပေါ်တွင် ခင်းကာအခြောက်လှန်း၍ရသော မှျစ်ကိုဆိုကြောင်း သိရသည်။

မှျစ်များလှိုင်လှိုင်ပေါ်ချိန်တွင် ပြုတ်ထားသောမှျစ်ပြုတ် ၁၀ပိဿာကိုအခြောက်လှန်းလျှင်မှျစ်ခြောက် ၁ ပိဿာ ရရှိကြောင်း၊ ယခုအခါ မှျစ်စိမ်း ၁ ပိဿာလျှင် ၄၀၀၀ ကျပ်၊ မှျစ်ပြုတ် ၁ ပိဿာလျှင် ၆၀၀၀ ကျပ်နှင့် မှျစ်ခြောက်အကြမ်း ၁ ပိဿာလျှင် ၁၄,၀၀၀ ကျပ်ဖြစ်ပြီး မှျစ်ခြောက်အနု ၁ ပိဿာလျှင် ၂၃,၀၀၀ မှ ၂၅,၀၀၀ ကျပ်ဖြင့်ရောင်းချကြောင်း သိရသည်။

မှျစ်ခြောက်များမှာ စက်တင်ဘာလ ဒုတိယပတ်မှစ၍ ဈေးကွက်အတွင်းသို့ဝင်ရောက်ပြီး ယခုအချိန်တွင် မှျစ်ခြောက်များ လှိုင်လှိုင်ပေါ်ပြီး ဈေးကွက်အနေဖြင့် မန္တလေး၊ မုံရွာနှင့် ရွှေဘိုမြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**Source : DOCA စစ်ကိုင်း**

https://www.doca.gov.mm/

## မိုးစပါးအသစ်တွေပေါ်နေလို့ အရင်နှစ်မိုးစပါးအဟောင်း ဈေးကွက်ပျောက်ပြီး အရောင်းအဝယ်အေး



ပြည်တွင်း စပါးဈေးကွက်မှာ ယခင်နှစ် လက်ကျန် မိုးစပါးအဟောင်းတွေ ဈေးကွက်ပျောက်ပြီး အရောင်းအဝယ်အေးနေတယ်လို့ တောင်သူတွေဆီက သိရပါတယ်။

ယခုကာလက မိုးစပါးအသစ်တွေရိတ်သိမ်းနေကြပြီး ဈေးကွက်ထဲကိုစပါးအသစ်တွေလှိုင်လှိုင်ဝင်ရောက်နေတဲ့အတွက် ကုန်သည်တွေနဲ့ စပါးဝယ်တဲ့ပွဲစားတွေ၊ဆန်စက်တွေက ယခင်နှစ်လက်ကျန်မိုးစပါးအဟောင်းဝယ် ယူမှုမရှိသလောက်ဖြစ်နေပြီး အရောင်းအဝယအေးနေတာဖြစ်တယ်လို့သိရပါတယ်။

"အခုက မိုးအသစ်တွေပဲဝယ်နေတာ။အရင်နှစ်မိုးစပါးက မဝယ်သေးဘူးရပ်ထားတယ်။ဈေးကလည်း အခုအသစ်ဈေးနဲ့ သိပ်မကွာဘူးဖြစ်နေတယ်လေ။စက်တင်ဘာလကုန်လောက်ထဲကအဝယ်ရပ်ထားတာခုထိပဲ"လို့စပါးကုန်သည်တစ်ဦးကပြောပါတယ်။

ယခင်နှစ် မိုးစပါးအဟောင်းကို လက်ရှိမှာ ဝယ်ယူသူမရှိသလောက်ဖြစ်နေတဲ့အတွက် တောင်သူအချို့ကတော့ ပြည်တွင်းစားသုံးမှုရှိတဲ့စပါးကို ဆန်ကြိတ်ခွဲပြီးရောင်းချခြင်း၊ဆန်အမာကိုမုန့်လုပ်စက်တွေကိုလိုက်လံရောင်းချတာမျိုးတွေလုပ်နေကြောင်း ၊အချို့တောင်သူတွေကတော့ စပါးအဝယ်လိုက်မဲ့အချိန်ကို စောင့်နေကြတယ်လို့ သိရပါတယ်။

မိုးစပါးအဟောင်းလက်ကျန်ကဧရာဝတီတိုင်းဒေသကြီးနဲ့ပဲခူးတိုင်းဒေသကြီးအတွင်းကတောင်သူတွေလက်ထဲမှာအများဆုံးကျန်ရှိနေတာဖြစ်တယ်လို့သိရပါတယ်။

“ စပါး ၇၀၀ လောက်ရှိသေးတယ်။ အခုနှစ်ဝယ်သူရှားနေတယ်။ပွဲစားတွေကလည်းမဝယ်သေးဘူးဆိုတဲ့သူနဲ့ ဈေးနှိမ်ဝယ်သူပဲရှိတယ်။လှောင်ထားရတာတောင် စပါးဈေးနဲ့ အလုပ်သမားခ၊ စပါးအလျော့တွက်၊ ပီနံအိတ်အကုန်ဆို စပါးတစ်ရာကို သိန်း၂၀ လောက်ကျတယ်” လို့ ပဲခူးတိုင်းတောင်သူတစ်ဦးကပြောပါတယ်။

မိုးစပါးအသစ်တွေ မရိတ်သိမ်းမီ စက်တင်ဘာလလောက်တုန်းက ယခင်နှစ်မိုးစပါးအဟောင်း တင်း ၁၀၀ ကို ၂၃ သိန်းကျပ်အနိမ့်ဆုံးရှိပြီး လက်ရှိမှာအနိမ့်ဆုံး ၂၁ သိန်း ကျပ်အထိ ဈေးတန်းပြုတ်ကျကာ အရောင်းအဝယ်အေးနေတာ ဖြစ်တယ်လို့ သိရပါတယ်။

မနှစ်ကမိုးစပါးရိတ်သိမ်းချိန်တုန်းက မိုးစပါးပေါက်ဈေးမှာ ပေါင် ၅၀ ရှိ တင်း ၁၀၀ ကို ၁၇၅,၀၀၀ ကျပ်အထိ ဈေးတန်းရှိခဲ့တာဖြစ်ပါတယ်။

**Source :** https://myanmaawba.com/news11142024/

## မော်လမြိုင်ကျွန်းမြို့နယ် ဒေသထွက်သဘာဝငါးရံ့ခြောက်များ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေ



မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် ပိုမိုတင်ပို့ခဲ့ရကြောင်း ငါးခြောက်မျိုးစုံပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်

ယင်းသို့ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေခြင်းကြောင့် ပြီးခဲ့သည့် အောက်တိုဘာလတွင် ငါးရံ့ခြောက်ပိဿာချိန် ၈၀,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလတွင် ပိဿာချိန် ၅၅,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့သည်ဟု ဆိုသည်။

မြစ်ချောင်းများ၊ရေချိုအင်းအိုင်များစွာရှိ၍ တစ်နှစ်ပတ်လုံးငါးရရှိသော်လည်း ငါးရံ့အများဆုံးရရှိသည့်ကာလမှာ အောက်တို ဘာလနှင့် နိုဝင်ဘာလများဖြစ်ပြီး သဘာဝအတိုင်း ဖမ်းဆီးရမိသော ငါးရံ့များ၊အင်းပေါ်ချိန်တွင် ရရှိသော ငါးရံ့များကို ငါးခြောက် ခွဲနေလုန်းကာ ရောင်းတန်းဝင်အောင် လုပ်ကိုင်ကြခြင်းဖြစ်သည်။

ထို့ပြင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အရောင်းအဝယ်ပိုမိုကောင်းမွန်နေပြီး နွေရာသီဖြစ်သော မတ်လနှင့် ဧပြီလတို့တွင် ငါးအစိုထွက်ရှိမှုလျော့နည်း၍ ငါးရံ့ခြောက် ခွဲလှမ်းခြင်းမရှိကြောင်းလည်း သိရသည်။

**Source : Popular News Journal**

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် မတ်ပဲ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိ



မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် မတ်ပဲ အရောင်းအဝယ်ပြန်လည် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည်များထဲတွင် ကုလားပဲနှင့် မတ်ပဲအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိကုလားပဲနှင့် မတ်ပဲအမျိုးအစားများကို ကုန်သည်များ ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့မတ်ပဲတွေအရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြားပြောင်း၊ ဂျုံ၊ တရုတ်ပဲကြီးစတဲ့ကုန်စည်တွေ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ပြောင်း၊ပဲတီစိမ်းစတဲ့ ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ၎င်းက ပြောပြသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကုလားပဲ(V7)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၈,၀၀၀၊ ကုလားပဲ(TW)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၇,၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ နှမ်းဈေးကွက် အနေအထားအရ မတ်ပဲမှာလည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ပေါက်ဈေးမှာ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ပေါက်ဈေးအရ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၉၀,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ကြံခင်းမြို့နယ်က ပြည်ပပို့ကုန် ပဲတီစိမ်းဈေးကွက်



မြန်မာနိုင်ငံမှထွက်ရှိသော ပဲတီစိမ်းများကို ပြည်ပနိုင်ငံများသို့ ကုန်သွယ်ရေးနည်းလမ်းများဖြစ်သော ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြင့် တင်ပို့လျက်ရှိပြီး မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်ဧက ၁၃၉ ဧက ရှိ၍ ယခင်နှစ် ကြံခင်းမြို့နယ်ဈေးကွက်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၇၀, ၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ပြီး၊ ယခုနှစ်ဈေးကွက်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၈၀,၀၀၀ ဈေးနှုန်းဖြင့်ရောင်းချရ၍ ယခင်နှစ်ကာလတူဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၁၀,၀၀၀ ဈေးနှုန်းပိုမိုရရှိသည့်အတွက် ပဲတီစိမ်း စိုက်ပျိုးသောတောင်သူများ ဈေးကောင်းရရှိလျက်ရှိကြောင်းသိရသည်။

**Source : DOCA ရေ၀တီ**

https://www.doca.gov.mm/

## ကမ္ဘောဒီးယား-တရုတ်ကုန်သွယ်မှုသည် ၁၀ လအတွင်း ၂၃ ရာခိုင်နှုန်းတိုးတက်လာခဲ့



ကမ္ဘောဒီးယားနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြားကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ် ပထမ ၁၀ လ အတွင်း အမေရိ ကန်ဒေါ်လာ ၁၂ ဒသမ ၃၇ ဘီလီယံအထိရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်နှင့်စည်းကြပ်မှုဦးစီးဌာန၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး အမေရိကန် ၊ ထိုင်း၊ ဗီယက်နမ်နှင့်ဂျပန်နိုင်ငံတို့လည်းပါဝင်သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလအထိကမ္ဘောဒီးယားသည်တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတန်ဖိုးအမေရိကန် ဒေါ်လာ ၁ ဒသမ ၄၂ ဘီလီယံ တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၁ ရာခိုင်နှုန်းတိုးလာကာ ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံသို့ ကမ္ဘောဒီးယား၏ အဓိကတင်ပို့သည့်ကုန်ပစ္စည်းများမှာ ဆန်စပါး၊ ငှက်ပျောသီး၊ သရက်သီး၊ ပီလောပီနံ၊ ရေထွက်ကုန်နှင့် အဝတ်အထည်များဖြစ်ပြီး တရုတ်နိုင်ငံမှ အထည်ချုပ်ကုန်ကြမ်းများ၊စက်ယန္တယားများ၊ မော်တော်ကားယာဉ်များ ၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးဝါးများကိုတင်သွင်းသည်။

ကမ္ဘောဒီးယား-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်နှင့်ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် ( RCEP) သည် တရုတ်နိုင်ငံသို့ ကမ္ဘောဒီးယားလယ်ယာထွက်ကုန်များတင်ပို့မှုကို အရှိန်မြှင့်တင်ပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Penn Sovicheat ကပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြားနီးကပ်သောပူးပေါင်းဆောင်ရွက်မှုနှင့်အနာဂတ်တည်ဆောက်ရန်သဘောတူညီချက်သည်ကမ္ဘောဒီးယားနှင့်တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံသူများနှင့်စီးပွားရေးလုပ်ငန်းရှင်များအပေါ်ယုံကြည်မှုတည်ဆောက်ရန်တွန်းအားတစ်ခုဖြစ်ကြောင်း

ကမ္ဘောဒီးယားကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Lim Heng ကပြောကြားခဲ့သည်။

**Source: Khmer Times**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် မြင့်တက်လာလျက်ရှိပြီး လူတစ်ဦးချင်း စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာမည်

မကြာသေးမီက အမေရိကန်စိုက်ပျိုးရေးဌာန USDA ၏ နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုဌာနကထုတ်ပြန်သည့် Tree Nuts Annual report အရ တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် လွန်ခဲ့သည့် ၅နှစ်အတွင်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းတိုးလာခဲ့ပြီး လူတစ်ဦးချင်းစားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် ၁ ကီလိုဂရမ်အထိ ရောက်ရှိမည်ဖြစ်ကာ ၂၀၂၃ ခုနှစ်ကထက် နှစ်ဆနီးပါး မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခင်နှစ်က တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှုသည် စုစုပေါင်းမက်ထရစ်တန် ၄၂၇,၀၀၀ ရှိခဲ့ပြီး ကမ္ဘာပေါ်တွင် မက္ကဒေးမီးယားအများဆုံးတင်သွင်းသူ၊ ပီစတာချီယို ဒုတိယအများဆုံးတင်သွင်းသူနှင့် ဗာဒံစေ့တတိယ အများဆုံးတင်သွင်းသူ အဖြစ်ရပ်တည်လျက်ရှိကြောင်း၊ ကမ္ဘာ့အစေ့အဆန်ရောင်းလိုအားတိုးလာခြင်း၊စားသုံးသူများ၏ကြိုက်နှစ်သက်မှုပြောင်းလဲလာခြင်း နှင့် အစေ့အဆန်ထုတ်ကုန်များကိုဆန်းသစ်တီထွင်လာခြင်းတို့သည်တရုတ်နိုင်ငံ၏အစေ့အဆန်တင်သွင်းမှု ဆက်တိုက်မြင့်တက်လာစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အစေ့အဆန်စားသုံးမှုသည်အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါကနည်းပါးနေသေးသော်လည်း အစားအသောက်ပုံစံများပြောင်းလဲလာခြင်းကြောင့်မကြာမီကာလအတွင်းတရုတ်နိုင်ငံ၏အစေ့အဆန်စားသုံးမှုမှာတိုးလာမည်ဟုမျှော်လင့်ရကြောင်း သိရသည်။

ကပ်ရောဂါလွန်ကာလတွင် စားသုံးသူများသည်အစားအသောက်၏အာဟာရတန်ဖိုးနှင့်လုပ်ဆောင်ချက်များကို ပိုမို အလေးထားလာသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော သွားရည်စာများဖြစ်သည့် အစေ့အဆန်များသည် မကြာသေးမီက မြို့ပြရှိ လူလတ်တန်းစားများအကြား အလွန်ရေပန်းစားလာခဲ့ကြောင်း သိရသည်။

International Nut and Dried Fruit Council (INC) ၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ အစေ့အဆန် စားသုံးမှုသည် လွန်ခဲ့သော ၅ နှစ်အတွင်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း တိုးလာကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၈ သန်း kernel equivalent ရှိရာ ကမ္ဘာ့စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းရှိကြောင်း၊ INC ၏ ကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံရှိ လူတစ်ဦးချင်း၏ အစေ့အဆန်စားသုံးမှုသည် ၀ ဒသမ ၅၆ ကီလိုဂရမ် ရှိပြီး၊ ၎င်းမှာ အမေရိကန်တွင် စားသုံးသော ၂ ဒသမ ၆ ကီလိုဂရမ်၏ ငါးပုံတစ်ပုံခန့်နှင့် တောင်ကိုရီးယားတွင်စားသုံးသည့် ၀ ဒသမ ၉၈ ကီလိုဂရမ်၏ တစ်ဝက်ခန့်ဖြစ်ကြောင်း၊တိုးတက်မှုအလားအလာများကြောင့် INC သည် တရုတ်နိုင်ငံ၌ လူတစ်ဦးချင်းအစေ့အဆန်စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင်၁ကီလိုဂရမ်အထိ ရောက်ရှိနိုင်ပြီး၂၀၂၃ ခုနှစ်ထက်နှစ်ဆနီးပါးရှိလာမည်ဟုခန့်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေဦးပွဲတော်အားလပ်ရက်အတွင်း စုဆောင်းရရှိထားသော ဈေးကွက်သုတေသနအချက်အလက်များအရ အစေ့အဆန်လက်ဆောင်ဘူးများ ၊ (ဖြေဆိုသူ ၄၆ ဒသမ ၃ ရာခိုင်နှုန်းက ရွေးချယ်ထား) သည် လက်ဖက်ခြောက်လက်ဆောင်ဘူးများ (၃၆ ဒသမ၄ ရာခိုင်နှုန်း)နှင့် Baijiu (တရုတ် အရက် ၃၄ ဒသမ ၄ ရာခိုင်နှုန်း) တို့ကိုကျော်တက်ကာ လူကြိုက်အများဆုံး လက်ဆောင်ဘူး အမျိုးအစားအဖြစ်ရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အစေ့အဆန်များကို ပထမတန်းစားမြို့ကြီးများနှင့် နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သော လူလတ်တန်းစားနှင့် အထက်တန်းစားများက အဓိက စားသုံးကြကြောင်း၊ ထို့ပြင် စားသုံးသူများ၏ ၆၂ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး ၎င်းတို့အနက် ၅၃ ရာခိုင်နှုန်းသည်အသက် ၃၄ နှစ်အောက်အမျိုးသမီးငယ်များဖြစ်ကြောင်း၊ ပုဂ္ဂလိက သုတေသနအေဂျင်စီတစ်ခု၏ အချက်အလက်များအရ တရုတ်စားသုံးသူ ၅၀ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် အစေ့အဆန်များကို ဝယ်ယူကြပြီး တစ်ကြိမ်ဝယ်ယူပါက တရုတ်ယွမ် ၁၀၀ (၁၃ ဒသမ ၈၆ ဒေါ်လာ) ကျော်သုံးစွဲကြကြောင်း သိရသည်။

အစေ့အဆန်အသုံးပြုသည့်နည်းလမ်းသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်တိုက်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံတွင် အစေ့အဆန်စားသုံးမှုမြင့်တက်လာမည်ဟု လုပ်ငန်းကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း၊ လက်ရှိတွင် တရုတ်၏ အစေ့အဆန်ဈေးကွက်ကို သရေစာထုတ်ကုန်များကကြီးစိုးနေပြီး ပြုပြင်ထားသော အစေ့အဆန်များမှပြုလုပ်သော အစားအစာများ၏ ဈေးကွက်ဝေစုမှာ အနည်းငယ်မျှသာရှိကြောင်း သိရသည်။

အစေ့အဆန်မှထုတ်လုပ်သည့်ထောပတ်များ၊အစေ့အဆန်ဆီများ၊အမှုန့်များနှင့် အစေ့အဆန်ဖြင့်ပြုလုပ်ထားသည့် ဖျော်ရည်များသည် အစေ့အဆန်များကို တရုတ်စားသောက်မှုပုံစံ၌ ပေါင်းစည်းနိုင်သည့် နည်းလမ်းအချို့ဖြစ်ကြောင်း၊ မကြာသေးမီနှစ်များအတွင်း အစားအသောက်များ ချက်ပြုတ်ရာ၌ အစေ့အဆန်များကို အသုံးပြုမှုသည် ကမ္ဘာတစ်ဝန်းတွင် အဆက်မပြတ်ကျယ်ပြန့်လာခဲ့ကြောင်း၊ ဥပမာအားဖြင့် မက္ကဒေးမီးယားကို ဖျော်ရည်ထုတ်ကုန်များတွင်ထည့်သွင်းခြင်း (သို့မဟုတ်) နို့မဟုတ်သော ဖျော်ရည်များအတွက် အပင်အခြေခံအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

အပင်အခြေခံအစားအစာများသည် တရုတ်နိုင်ငံတွင်ပိုမိုရေပန်းစားလာပြီးအစေ့အဆန်များအတွက် ဈေးကွက်အခွင့်အလမ်းများစွာကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အပင်အခြေခံစားသောက်ကုန်လုပ်ငန်းသည် လွန်ခဲ့သည့် ၅ နှစ် အတွင်း တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ပြီး ၎င်း၏တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ အထိရှိ လာခဲ့ကြောင်း၊ ထို့ပြင် အပင်အခြေခံအစားအစာနှင့် ဖျော်ရည်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် ယခုအခါ ၈၀၀၀ ကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ China Academy of International Trade and Economic Cooperation မှ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော အစေ့အဆန်ကုန်သွယ်မှုနှင့် စားသုံးမှုအစီရင်ခံစာအရ တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှုနှင့် တင်ပို့မှုသည် ၂၀၁၅ ခုနှစ်ကတည်းက မြင့်တက်လာခဲ့ကြောင်း၊ အစေ့အဆန်တင်သွင်းမှုသည် ၂၀၁၅ ခုနှစ်တွင် ၁၁၇,၀၀၀ မက်ထရစ်တန်ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၄၂၇,၀၀၀ မက်ထရစ်တန်သို့မြင့်တက်လာခဲ့ပြီး တင်ပို့မှုမှာ ၆၃,၀၀၀ မက်ထရစ်တန်မှ ၂၉၉,၀၀၀ မက်ထရစ်တန်အထိ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် စားသောက်ကုန်ပြုပြင် ထုတ်လုပ်သည့် လုပ်ငန်းများကို တိုးချဲ့ခြင်းနှင့် pecans ကဲ့သို့သော လူကြိုက်များသောနိုင်ငံခြားအခွံမာသီး အမျိုးအစားများကို ပြည်တွင်း၌ စိုက်ပျိုးရာတွင် အခက်အခဲရှိခြင်းတို့ကြောင့်တရုတ်နိုင်ငံသည် အစေ့အဆန်တင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေဖွယ်ရှိကြောင်း သိရသည်။

INC ၏ အချက်အလက်အရ တရုတ်နိုင်ငံ၏ အစေ့အဆန် တင်သွင်းမှုသည် ၂၀၂၃ ခုနှစ် တွင် ၅ နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊သို့သော်လည်း မကြာသေးမီက စီးပွားရေးအကြပ်အတည်းများကြောင့် တရုတ်စားသုံးသူများသည် ဈေးနှုန်းကို ထိလွယ်ရှလွယ်ဖြစ်ကြရာအစားအစာထုတ်လုပ်သူများသည်ဈေးကွက်၌ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကုန်ကျစရိတ်များကို လျှော့ချရန် ကြိုးစားခဲ့ကြကြောင်း၊ ရလဒ်အနေဖြင့် ပြည်ပက အစေ့အဆန်များ တင်သွင်းသည့်အခါ ကုန်ကျစရိတ်ကို ပိုမိုသတိထားလာကြကြောင်း သိရသည်။

တရုတ်နိုင်ငံသည် မက္ကဒေးမီးယားတင်သွင်းမှုတွင်ကမ္ဘာ့အဆင့်၌ ထိပ်ဆုံးမှရပ်တည်နေကာပြီးခဲ့သည့် သုံးနှစ် အတွင်း အခွံနှင့် အခွံပါမက္ကဒေးမီးယားဝယ်ယူတင်သွင်းမှုသည်နှစ်ဆတိုးလာခဲ့ကြောင်း၊အကျိုးဆက်အနေဖြင့် ကမ္ဘာတစ်ဝန်း၌ရောင်းလိုအားမြင့်တက်လာပြီးဈေးနှုန်းများကျဆင်းလာကြောင်း၊တရုတ်၊ဥရောပနှင့်အမေရိကန်တို့၏ဝယ်လိုအားကြောင့် ကမ္ဘာ့မက္ကဒေးမီးယားတင်သွင်းမှုလျင်မြန်စွာ တိုးလာသော်လည်း ၂၀၂၄ - ၂၀၂၅ တွင် အစေ့အဆန် တင်သွင်းမှုသည် နှေးကွေးသွားလိမ့်မည် ဖြစ်ပြီး ဈေးနှုန်းလည်းမြင့်တက်လာမည်ဟု လုပ်ငန်းရှင်များကခန့်မှန်းထားကြကြောင်း၊တောင်အာဖရိကသည် မက္ကဒေးမီးယားအထွက်နှုန်းလျင်မြန်စွာ တိုးလာခြင်းကြောင့် တရုတ်နိုင်ငံသို့ မက္ကဒေးမီးယားအဓိကရောင်းချသူဖြစ်လာပြီး တရုတ်နိုင်ငံရှိ ဈေးကွက်ဝေစု၏ထက်ဝက်ခန့်ကိုရရှိထားကြောင်း၊ ထို့ပြင် ဩစတြေးလျနှင့်ကင်ညာတို့ကလည်း တရုတ်နိုင်ငံသို့ မက္ကဒေးမီးယားများအဓိကရောင်းချသူများ ဖြစ်လာကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၃ ခုနှစ်၌ တရုတ်သည် ဥရောပသမဂ္ဂပြီးနောက် ကမ္ဘာ့ဒုတိယအကြီးဆုံး pistachios ဝယ်ယူသူဖြစ်လာကြောင်း၊ တရုတ်နိုင်ငံသည် pistachios အများစုကို အမေရိကန်ပြည်ထောင်စုမှ တင်သွင်းပြီး စုစုပေါင်းတင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ကယ်လီဖိုးနီးယားပြည်နယ်တွင် pistachios စံချိန်တင်ထုတ်လုပ်နိုင်မှုနှင့် အီရန်မှ ရောင်းချမှု အကန့်

အသတ်များကြောင့် ယခင်နှစ်က တရုတ်၏ အမေရိကန်မှ pistachios တင်သွင်းမှုသည် ၁၄၀ ရာခိုင်နှုန်း တိုးလာကြောင်း၊ ၂၀၂၄-၂၀၂၅ တွင် တရုတ်၏ pistachios ဝယ်လိုအားသည် ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းထားသော်လည်း အမေရိကန်မှ တင်သွင်းမှုသည် ၂၀၂၃-၂၀၂၄ နှင့် နှိုင်းယှဉ်ပါက ကျဆင်းဖွယ်ရှိကြောင်း၊ တရုတ်သည် pistachio ကို အီရန်မှ ဒုတိယအများဆုံး တင်သွင်းရာ လာမည့်နှစ်တွင် pistachio ရောင်းချမှုပြန်လည်ကောင်းမွန်လာခြင်းကြောင့် အီရန်မှ တင်သွင်းမှုတိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ဒုတိယအများဆုံး pistachios ထုတ်လုပ် သည့် တူရကီသည် တရုတ်နိုင်ငံသို့ pistachio အဓိက ရောင်းချသူမဟုတ်သော်လည်း တူရကီ၏ ထုတ်လုပ်မှုသည် ယခုနှစ်တွင် နှစ်ဆတိုးလာမည်ဖြစ်၍ တရုတ်အနေဖြင့် တူရကီမှ တင်သွင်းမှု တိုးလာနိုင်ကြောင်း သိရသည်။

အခြားအစေ့အဆန်တစ်မျိုးဖြစ်သည့် ဗာဒံစေ့ကို တရုတ်နိုင်ငံမှ တင်သွင်းမှုသည် ဥရောပ သမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့တတိယအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်အပါအဝင် ဗာဒံစေ့အဓိကထုတ်လုပ်သည့် နိုင်ငံများ အားလုံး၌ ဗာဒံစေ့ခူးဆွတ်လျက်ရှိရာ တရုတ်နိုင်ငံ၏ တင်သွင်းမှုသည် ၂၀၂၄-၂၀၂၅ တွင် မြင့်တက်လာမည်ဟု ခန့်မှန်းရ ကြောင်း၊ ၂၀၂၃-၂၀၂၄ တွင် ကယ်လီဖိုးနီးယားနှင့် သြစတြေးလျတို့တွင် ၅ နှစ်အတွင်း ထုတ်လုပ်မှုအနိမ့်ဆုံးသို့ ရောက်ရှိသွား သောကြောင့် တရုတ်၏ ဗာဒံစေ့တင်သွင်းမှုသည် သုံးပုံတစ်ပုံခန့် ကျဆင်း သွားခဲ့ပြီး ရောင်းလိုအားပြတ်လပ်မှုကို ကြုံတွေ့ ခဲ့ရကြောင်း၊ သြစတြေးလျဗာဒံစေ့များသည် နှစ်နိုင်ငံကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ဈေးကွက် ဝေစု လျင်မြန်စွာ ရရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ဗာဒံစေ့ အဓိကတင်သွင်း ရောင်းချသူအဖြစ် ဆက်လက်ရှိနေကြောင်း၊ တရုတ်နိုင်ငံသည် စပိန်နိုင်ငံမှ ဗာဒံစေ့များကို စတင်တင်သွင်းနေသော်လည်း ပမာဏမှာ နည်းပါးနေ သေးကြောင်း သိရသည်။

ပြည်ပသို့ အစေ့အဆန်တင်ပို့မှုအနေဖြင့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် တရုတ်နိုင်ငံ၏ သစ်ကြားသီးများ တင်ပို့မှုမှာ ၂၀၂၄-၂၀၂၅ ရာသီတွင်လည်း ဆက်လက်မြင့်တက် နေမည်ဖြစ်ကြောင်း၊ တရုတ်သစ်ကြားသီးကို အရှေ့ အလယ်ပိုင်း နှင့် အာရှအလယ်ပိုင်းနိုင်ငံများ အထူးသဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကာဂျစ္စတန်နိုင်ငံများသို့ တင်ပို့ ခြင်းဖြစ် ကြောင်း သိရသည်။

အလားတူ ပြည်တွင်းထုတ်လုပ်မှု မြင့်တင်လာမှုကြောင့် တရုတ်နိုင်ငံသည် အခွံပါမက္ကဒေး မီးယားများကို နိုင်ငံတကာ ဈေးကွက်များသို့ တင်ပို့ခဲ့ပြီး အဓိကအားဖြင့် သြစတြေးလျနှင့် အမေရိကန်တို့ဖြစ်ကြောင်း၊အခြားတစ်ဖက်တွင်မူ အခွံနှင့် အခွံခွာ ထားသော တရုတ်နိုင်ငံမှ ဗာဒံစေ့များကို ဗီယက်နမ်နိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများကို အဓိကတင်ပို့ပြီး တင်ပို့သည့် ပမာဏသည် ယခုအချိန်အထိ အနည်းငယ်မျှသာရှိသော် လည်း တဖြည်းဖြည်း တိုးလာကြောင်း သိရသည်။

**Source:** https://www.producereport.com/article/chinas-surging-nut-consumption-capita-intake-set-double-2030

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/

## ဟောင်ကောင်ဒေသနှင့် ပီရူးနိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

နှစ်နှစ်ကြာ ညှိနှိုင်းဆွေးနွေးမှုအပြီး ဟောင်ကောင်ဒေသနှင့် ပီရူးနိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း rthk သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် “HK-Peru FTA to boost more than 150 sectors” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အဆိုပါ FTA စာချုပ်ကို ဟောင်ကောင်ဒေသကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Algernon Yau နှင့် ပီရူးနိုင်ငံ စီးပွားရေးဝန်ကြီး Ursula Desliu Leon တို့က လက်မှတ်ရေးထိုးခဲ့ပြီး၊ နှစ်ဖက်ပြည်တွင်းလုပ်ထုံးလုပ်နည်း များပြီးစီးပါက စတင်သက်ဝင်မည် ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ပီရူးနှင့်ချုပ်ဆိုသည့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်သည် ဟောင်ကောင်ဒေသအတွက် ၉ ခုမြောက် FTA စာချုပ် ဖြစ်ပြီး၊ ပီရူးနိုင်ငံသည် ဟောင်ကောင်ဒေသနှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့် ၂၁ နိုင်ငံမြောက်နိုင်ငံဖြစ်လာပါသည်။

ထိုသို့ FTA စာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့်ဝန်ဆောင်မှုကဏ္ဍ ၁၅၀ အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ပီရူးနိုင်ငံသည် လက်တင်အမေရိကဒေသ၌ဟောင်ကောင်ဒေသ၏ပဉ္စမအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး၊ ယခင်နှစ်အတွင်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ဟောင်ကောင်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံရှိခဲ့ကြောင်း၊ ပီရူးမှ ဟောင်ကောင်ဒေသသို့ တင်ပို့မှုတန်ဖိုးမှာ ကုန်သွယ်မှုစုစုပေါင်း၏ သုံးပုံတစ်ပုံသာရှိပြီး ပီရူး၏ ထုတ်ကုန်များဖြစ်သည့် အသီးအနှံနှင့်ဟင်းသီးဟင်းရွက်၊ ငါးဖြင့်ပြုလုပ်သည့် အစားအစာများ တင်ပို့သွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

**Source : စီးပွားရေးသံမှူး၊ဟောင်ကောင်မြို့**

https://myantrade.gov.mm/

## ကမ္ဘောဒီးယား-အမေရိကန် ကုန်သွယ်မှုသည် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ၄ ဘီလီယံအထိရောက်ရှိခဲ့



ကမ္ဘောဒီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ အကြားကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ်၊ ပထမ ၁၀ လ အတွင်းအမေရိကန်ဒေါ်လာ ၈ ဒသမ ၄၅ ဘီလီယံ အထိရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်နှင့်ကုန်စည်စီးဆင်းမှုဦးစီးဌာန၏ ပို့ကုန်သွင်းကုန်အချက်အလက်များအရသိရသည်။

(GDCE)၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၃ ဘီလီယံရှိပြီး အမေရိကန်မှတင်သွင်းမှုသည် ဒေါ်လာ ၂၁၇ သန်းတန်ဖိုးရှိကြောင်းသိရသည်။

ကမ္ဘောဒီးယားမှ အမေရိကန်သို့ အဝတ်အထည်၊ ခရီးသွားကုန်ပစ္စည်းများ၊ စက်ဘီးနှင့် အခြားလူသုံးကုန်ပစ္စည်းများတင်ပို့ပြီးအမေရိကန်မှမော်တော်ကားများ၊စက်ယန္တရားများ၊ လက်ဝတ်ရတနာများ၊အလှကုန်၊ လျှပ်စစ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းသည်။

The Royal School of Administration မှ စီးပွားရေးပညာရှင် Duch Darin က ကမ္ဘာ့စီးပွားရေးတွင် စိန်ခေါ်မှုများရှိနေသော်လည်း ပို့ကုန်တိုးတက်မှုသည် ကမ္ဘောဒီးယားထုတ်ကုန်များ၏ အရည်အသွေးကိုထင်ဟပ်စေသည်ဟု Khmer Times သို့ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားသည် ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုတိုးမြင့်လာခြင်းနှင့်အတူအမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကိုဆက်လက်ခိုင်မာစေမည်ဟု မျှော်လင့်ထားကြောင်းဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများသည် ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများကဲ့သို့သော အဓိကနယ်ပယ်များကို လွှမ်းခြုံထားကြောင်း Duch Darin ကပြောကြားခဲ့သည်။

**Source: Khmer Times**

**DOCA(ရန်ကုန်)** https://www.doca.gov.mm/

# STOCK EXCHANGE (19.11.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 19th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,023 (Shares) | 22,281,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 648 | 5,508,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 600 | 1,950,000 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 43 | 361,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 5,006 | 9,511,400 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 7 | 19,950 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 550 | 937,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,400 | -100 | -2.22% | 4,400 | 4,400 | 4,400 | 169 | 743,600 | 10,497,598 | 46,189 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 1,000 | 3,250,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.90 | -4.53 | -1.13% | 395.37 | 395.90 | 395.37 | 8,023 | 22,281,650 | 8 | 746,744 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 8,044 (Shares) | 23,016,650 (MMK) |

## Main Board

As of 1:00 pm, 19th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,023 (Shares) | 22,281,650 (MMK) |

| MYANPIX | 395.90 |
|---|---|
| | ▼ 4.53 |
| Total Volume (shares) | 8,023 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 746,744 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,400 | ▼ 100 |
| MAEX | 00008 | 3,250 | ▼ 50 |